# ၁၉၅၉ ခုနှစ်၊ ပွဲကျင်းပပြသရာ အဆောက်အဦများတွင် ဆေးလိပ်သောက်ခြင်းတားမြစ်ရေး အက်ဥပဒေ။[၁]

[၁၉၅၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၇။]
(၁၉၅၉ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်)

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ (၁) ဤအက်ဥပဒေကို၊ ၁၉၅၉ ခုနှစ်၊ ပွဲကျင်းပပြသရာ အဆောက်အဦများတွင် ဆေးလိပ်သောက်ခြင်း တားမြစ်ရေး အက်ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤအက်ဥပဒေသည်၊ နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာ စာဖြင့် သတ်မှတ်သည့်ဒေသနှင့်နေ့ရက်[၂]တွင် စတင်အာဏာတည်ရမည့်ပြင်၊ ဒေသများပိုင်းခြားပြီး၊ နေ့ရက်များကို ခွဲခြား၍ သတ်မှတ်နိုင်သည်။

(၃) ဤအက်ဥပဒေသည်၊ နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သီးခြားဖော်ပြသည့် ပွဲကျင်းပပြသရာ အဆောက်အဦ၊ သို့တည်းမဟုတ် ပွဲကျင်းပပြသရာ အဆောက်အဦအမျိုးအစားနှင့်သာ သက်ဆိုင်စေရမည်။

၂။ ။ ဤအက်ဥပဒေတွင်၊ အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ မဆန့်ကျင်လျှင် —

(က) "ပွဲကျင်းပပြသခြင်း" ဆိုသည်မှာ၊ အများပြည်သူတို့ထံမှ အခကြေးငွေယူ၍ ရုပ်ရှင်၊ ပြဇာတ်၊ သို့တည်းမဟုတ် ဇာတ်ပွဲပြသခြင်းကို ဆိုလိုသည်။

(ခ) "ပွဲကျင်းပပြသရာအဆောက်အဦ" ဆိုသည်မှာ၊ ပွဲကျင်းပပြသခြင်းအတွက် အသုံးပြုသော အဆောက်အဦကို ဆိုလိုသည်။

(ဂ) "ဆေးလိပ်သောက်ခြင်း" ဆိုသည့်စကားရပ်တွင်၊ ဆေးလိပ်၊ ဆေးတံ၊ ဆေးခြောက်၊ သို့တည်းမဟုတ် မီးခိုးထွက်စေသည့် အခြားအရာဝတ္ထုများကို မည်သည့်နည်းနှင့်မဆို မီးညှိ၍သောက်ခြင်းဖြစ်စေ၊ ရှူခြင်းဖြစ်စေ ပါဝင်သည်။

---

*၁။ မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း - ၁၊ ၁၉၅၉ ခုနှစ်၊ အောက်တိုဘာလ (၁၇) ရက်၊ စာမျက်နှာ - ၁၉၈၈။*

*၂။ ဤအက်ဥပဒေသည် ပြည်နယ်များမှအပ ကျန်ဒေသအားလုံးတွင် ၁၉၆၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၂၅) ရက်နေ့တွင် စတင်အာဏာတည်သည်။ (ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၆-၁၂-၅၉ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၃၅။) (မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း - ၁၊ ၁၉၆၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၉) ရက်၊ စာမျက်နှာ - ၄၁။)*

၃။ ။ မည်သူမဆို၊ ပွဲကျင်းပပြသရာ အဆောက်အဦ၏ ပွဲကျင်းပပြသသည့်ခန်းမ ဆောင်အတွင်း၌ ပွဲကျင်းပပြသခြင်းအတွက် အသုံးပြုနေစဉ် ဆေးလိပ်သောက် လျှင် —

(က) ပထမအကြိမ်ကျူးလွန်သည့် ပြစ်မှုအတွက် နှစ်ဆယ့်ငါးကျပ်ထိ ငွေဒဏ်စီရင်ခြင်း ခံရမည်၊ ထို့ပြင်

(ခ) ဒုတိယအကြိမ်၊ သို့တည်းမဟုတ် နောက်ထပ်ကျူးလွန်သည့် ပြစ်မှုအတွက် ကျပ် တစ်ရာထိ ငွေဒဏ်စီရင်ခြင်းခံရမည်။

၄။ ။ ရဲအုပ်ရာထူးအောက်မနိမ့်သော ရဲအရာရှိတစ်ဦးသည်၊ ပုဒ်မ ၃ အရ ဖြစ်သော ပြစ်မှုကို၊ မိမိမျက်မှောက်တွင် ကျူးလွန်သူ မည်သူ့အားမဆို၊ ဝရမ်းမပါဘဲ ဖမ်းဆီးနိုင်သည်။

ခြွင်းချက်။ ။ သို့ရာတွင် ဤပုဒ်မအရ ဖမ်းဆီးခြင်းခံရသူအား၊ သက်ဆိုင်ရာတရားရုံး သို့ လာရောက်ရန် ကိုယ်တိုင်ခံဝန်နှင့်ဖြစ်စေ၊ အခြားသင့်လျော်သော အာမခံနှင့်ဖြစ်စေ၊ ဖမ်းဆီးခြင်းမှ လွှတ်ရမည်။

၅။ ။ ပွဲကျင်းပပြသရာ အဆောက်အဦတွင်၊ ကျင်းပပြသသည့်ပွဲကို ကြီးကြပ်အုပ်ချုပ်ရန် တာဝန်ရှိသူအသီးသီးသည် အဆိုပါ အဆောက်အဦ၏ ပွဲကျင်းပပြသသည့် ခန်းမဆောင်၌ ပရိသတ် အတွက် သီးသန့်ထားသည့် နေရာများတွင် ပွဲကျင်းပပြသနေစဉ်၊ ဆေးလိပ်သောက်သူမည်သူကိုမဆို၊ ဝရမ်းမပါဘဲ ဖမ်းဆီးခြင်းခံရမည့်ပြင်၊ ငွေဒဏ်စီရင်ခြင်းလည်းခံရမည်ဟူသောအကြောင်းကို ပရိသတ် သိရှိစေရန်၊ အများမြင်သာသည့်နေရာတွင် နှိုးဆော်စာဆွဲချိတ်ကပ်ထားခြင်းဖြင့်သော်လည်းကောင်း၊ အခြားနည်း အားဖြင့်သော်လည်းကောင်း၊ ပရိသတ်သိရှိအောင် ပြုလုပ်ရမည်။

၆။ ။ မည်သူမဆို၊ ပုဒ်မ ၅ ပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်လျှင်၊ ကျပ်ငါးဆယ်ထိ ငွေဒဏ်စီရင်ခြင်းခံရမည်။

၇။ ။ နိုင်ငံတော်သမ္မတသည် ပုဒ်မ ၁၊ ပုဒ်မခွဲ (၂) အရ၊ သို့တည်းမဟုတ် ပုဒ်မခွဲ (၃) အရ ထုတ်ပြန်သည့် မည်သည့်အမိန့်ကြော်ငြာစာကိုမဆို၊ အမိန့်ကြော်ငြာစာဖြင့် ပြင်ဆင်နိုင်သည်၊ သို့တည်းမဟုတ် ရုပ်သိမ်းနိုင်သည်။ ယင်းသို့ ရုပ်သိမ်းသည့်အခါ၊ အက်ဥပဒေ ရုပ်သိမ်းခြင်းနှင့် စပ်လျဉ်းသည့် မြန်မာနိုင်ငံယေဘုယျစကားရပ် အက်ဥပဒေပုဒ်မ ၅ ပါ ပြဋ္ဌာန်းချက်များသည် အကျိုး သက်ရောက်စေရမည်။

၈။ ။ နိုင်ငံတော်သမ္မတသည်၊ အမိန့်ကြော်ငြာစာဖြင့် ပွဲကျင်းပပြသရာ အဆောက်အဦ တစ်ခုခု၊ သို့တည်းမဟုတ် ပွဲကျင်းပပြသရာ အဆောက်အဦ အမျိုးအစားတစ်ခုခုကို စည်းကမ်းချက်များထား၍ဖြစ်စေ၊ စည်းကမ်းချက်များမထားရှိဘဲဖြစ်စေ၊ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ခုခုနှင့် သက်ဆိုင်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

---

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဝင်းမောင်၊
နိုင်ငံတော်သမ္မတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၂၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်။
(၁၉၅၉ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်။)

အမိန့်အရ၊

ပါစိန်၊
နိုင်ငံတော်သမ္မတ၏အတွင်းဝန်။